


# ငွေပဒေသာပင်စိုက်ကြပါ








မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ အများနှင့်သက်ဆိုင်သော ပေးရန်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ

# First Myanmar Investment Co., Ltd.

## ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက်

ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကုမ္ပဏီမှတ်ပုံတင်ရုံး၏ ၃၊ ၇၊ ၉၂၊ နေ့စွဲပါ မှတ်ပုံတင်အမှတ် ၁၅၉/၉၂-၉၃ဖြင့် ဖွဲ့စည်းတည်ထောင်သည်။

## ကုမ္ပဏီအကြောင်းအရာညွှန်းတမ်း

(ဤမိတ္တူတစ်စောင်ကို ကုမ္ပဏီအက်ဥပဒေပုဒ်မ ၉၂ အရ မှတ်ပုံတင်ရန်တင်သွင်းပြီးဖြစ်သည်။)





## ၁။ ကုမ္ပဏီတည်ထောင်ခြင်း၏ရည်ရွယ်ချက်

ကုမ္ပဏီ၏ "ငွေပဒေသာပင်စိုက်ကြပါ" ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ လွတ်လပ်သော စီးပွားရေးစနစ်ကျင့်သုံးနေသည့် အချိန်အခါကောင်းကို နိုင်ငံတော်၏စနစ်နှင့်အညီ မြန်မာ့သယံဇာတပစ္စည်းနှင့် ဖော်ရွေရင်းနှီးသောမြန်မာလူမျိုးတို့ကိုအခြေခံထားသည့် စီးပွားရေးအဆောက်အအုံကြီးကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် တွဲဖက်၍ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်သည့် လုပ်ငန်းများကိုလုပ်ကိုင်နိုင်ရန် ဤအများနှင့်သက်ဆိုင်သော FIRST MYANMAR INVESTMENT CO., LTD. (F.M.I.) ကို တည်ထောင်လိုက်ခြင်းဖြစ်ပါသည်။ F.M.I. ကို တည်ထောင်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံတွင်ရှိသော ရင်းနှီးမြှုပ်နှံလိုသူအားလုံး အကျိုးအမြတ်ဖြစ်ထွန်းလာမည့်လုပ်ငန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းတစ်ခု စီစဉ်လိုက်ခြင်းပင်ဖြစ်ပါသည်။

### ရှယ်ယာစတင်ရောင်းချမည့်ရက်နှင့်ပိတ်မည့်နေ့ရက်

အစုရှယ်ယာပါဝင်လိုသူများအတွက် ရှယ်ယာစတင်ရောင်းချမည့်နေ့ရက်မှာ ၁၉၉၂ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့ဖြစ်ပြီး ရှယ်ယာအရောင်းပိတ်မည့်ရက်မှာ ၁၉၉၂ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်နေ့ ရုံးပိတ်ချိန် (သို့မဟုတ်) ၎င်းထက်နောက်ကျ၍ ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်သတ်မှတ်သောအချိန်ဖြစ်သည်။

### ကုမ္ပဏီမှတ်ပုံတင်သည့်ရုံး

ကုမ္ပဏီ၏မှတ်ပုံတင်လိပ်စာမှာ အမှတ် ၆၂၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပြီး၊ ဘဏ်များ၊ ရှေ့နေများ၊ စာရင်းစစ်များမှ ၎င်းတို့သက်ဆိုင်ရာကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရန်သဘောတူညီပြီးဖြစ်ပါသည်။

## ၂။ ကုမ္ပဏီ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းများ

မူလသင်းဖွဲ့မှတ်တမ်းပါလုပ်ငန်းများတွင်အကျုံးဝင်၍ တည်ဆဲဥပဒေများနှင့်လည်း ကိုက်ညီသော လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါ၍ အဓိကဦးစားပေးမည့်လုပ်ငန်းများမှာ –

### (၁) ဟိုတယ်လုပ်ငန်းများ

ကမ္ဘာ့စံချိန်မီ၍ မြန်မာနိုင်ငံနှင့်လည်းသင့်တော်သော ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးရေး၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းကျယ်ပြန့်လာသည့်လိုအပ်ချက်နှင့်အညီ ဟိုတယ်နှင့် အပန်းဖြေလုပ်ငန်းတို့မှာ နောင်တွင် အလားအလာကောင်းမည့်

ရေရှည် ရင်းနှီးမြှုပ်နှံမှုမျိုးဖြစ်ပါသည်။ ကျယ်ပြန့်သော သယံဇာတအစွမ်းဖြင့် ပြည့်စုံသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအဖြစ် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားလာခြင်းမှာ ဟိုတယ်လုပ်ငန်းအတွက် ကောင်းသောဈေးကွက်တစ်ခု ဖြစ်ပါသည်။

## (၂) အိမ်မြေနေရာ

သင့်တင့်ကောင်းမွန်သောမြေနေရာတွင် ခေတ်မီ၍ နိုင်ငံခြားအဆင့်အတန်းမီသောရုံးအဆောက်အအုံနှင့်နေအိမ်အဆောက်အအုံများဆောက်လုပ်၍ ငှားရမ်းခြင်း၊ ရောင်းချခြင်းစသည့် ရေတို ဝင်ငွေရရှိရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးပွားသည်နှင့်အညီ နိုင်ငံခြားအဖွဲ့အစည်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာလည်း ရောက်ပေသည်။ ယင်း ဆောင်ရွက်ချက်သည် မြေနေရာအစုလွှဲပြောင်းရယူခြင်းပါဝင်ရန်၊ ယင်းမှ အချို့မြေကွက်များကို ဖွံ့ဖြိုးတိုးချဲ့ရေးပြုလုပ်၍ ကျန်အခြားမြေကွက်များကို မြေကွက်လွတ်အဖြစ်ထိန်းသိမ်းထားခြင်း (သို့မဟုတ်) သင့်တော်သလို အမြတ်အစွန်းရရှိရေးအတွက် ရောင်းချရန်ဖြစ်ပါသည်။

## (၃) ကုန်သွယ်ရေး

ကျော်ကြားသည့် နိုင်ငံခြားလူသုံးကုန်ပစ္စည်းများ၊ ကုမ္ပဏီများ၏ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်၍ ယင်းပစ္စည်းများကို တစ်ပြည်လုံးသို့ ဖြန့်ဖြူးရောင်းချပေးရန်ဖြစ်ပါသည်။ အမြတ်အစွန်းရရှိနိုင်သည့် အရောင်းသွက်သော လူသုံးကုန်ပစ္စည်းများ ရှာဖွေစုဆောင်းခြင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သွင်းကုန်ထုတ်ကုန် လုပ်ငန်းများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ကုန်ပစ္စည်းခြင်းဖလှယ်သည့်လုပ်ငန်းများအပါအဝင် ကူးသန်းရောင်းဝယ်ရေးကဏ္ဍအားလုံးတွင် ဆောင်ရွက်သွားရန်ဖြစ်သည်။

## (၄) စက်မှုလုပ်ငန်းများ

စက်မှုထွန်းကားသောနိုင်ငံကြီးဖြစ်စေရန်ရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံများကို တည်ထောင်သွားမည်ဖြစ်သည်။ ပြည်တွင်းပြည်ပတွင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်းအတွက် နိုင်ငံခြားလုပ်ငန်းအစုများနှင့် ဖက်စပ်လုပ်ငန်း ပြုလုပ်၍ ကုန်ပစ္စည်းများထုတ်လုပ်ခြင်း (သို့မဟုတ်) တပ်ဆင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းစီမံကိန်းတို့သည် မြန်မာနိုင်ငံတွင်းအလွယ်တကူရှာဖွေရရှိနိုင်သော ကုန်ကြမ်းပစ္စည်းများဖြင့် စက်မှုလက်မှုလူသုံးကုန်ပစ္စည်းအသီးသီး ထုတ်လုပ်ခြင်းများပါဝင်မည်ဖြစ်ပါသည်။

## (၅) အားကစားနှင့်အပန်းဖြေစခန်းများ

ယခုလက်ရှိ အလွန်လိုအပ်သော ပြည့်စုံကျယ်ဝန်းသည့် အားကစားနှင့် အပန်းဖြေအနားယူစခန်းများ စီမံတည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်မည် ဖြစ်သည်။

အဆိုပါစခန်းများ၏လိုအပ်မှုသည်၎င်းလုပ်ငန်း အောင်မြင်မှုနှင့် အစဉ်တစိုက် ဝင်ငွေရလမ်း တစ်ရပ်အတွက်အာမခံချက်ဖြစ်ပါသည်။

### (၆) ငွေများရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

ငွေရေးကြေးရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံဥပဒေ ခွင့်ပြုချက်များနှင့် အညီ ဘဏ်နှင့် ဘဏ္ဍာရေးလုပ်ငန်းများတွင် ငွေများရင်းနှီးမြှုပ်နှံရန်။

## ၃။ ခွင့်ပြုမတည်ရင်းနှီးငွေ

ခွင့်ပြုမတည်ရင်းနှီးငွေမှာ ၃၀၀,၀၀၀,၀၀၀ိ/– (ကျပ် သိန်းသုံးထောင်)ဖြစ်ပါသည်။

## ၄။ အစုရှယ်ယာများ

အစုရှယ်ယာပေါင်း သုံးသောင်း ခွဲဝေသတ်မှတ်ပြီး၊ အစုရှယ်ယာ တစ်ခုလျှင် ၁၀,၀၀၀ိ/– (ကျပ် တစ်သောင်း) တန်ဖိုးသတ်မှတ်ပါသည်

## ၅။ မတည်ရင်းနှီးငွေ

ကုမ္ပဏီ၏မတည်ရင်းနှီးငွေသည် ပထမအဆင့် အနေဖြင့် ကျပ်သိန်းသုံးရာ့ခြောက်ဆယ်(၃၆,၀၀၀,၀၀၀ိ/–) တိတိ ထုတ်ဝေရောင်းချသွားမည် ဖြစ်ပါသည်။ ယင်း မတည်ရင်းနှီးငွေကို ဒါရိုက်တာများ၊ အများပြည်သူတို့၏ အစုရှယ်ယာများဖြင့်မတည်ထူထောင်မည်ဖြစ်ပါသည်။ အစုရှယ်ယာ အဆင့်အတန်းမှာ တစ်မျိုးတည်းသာဖြစ်ပါသည်။

## ၆။ အစုရှယ်ယာများ ဝယ်ယူခြင်း

မြန်မာနိုင်ငံသားများသို့သာ ရောင်းချမည် ဖြစ်ပါသည်၊ ရောင်းချရာတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေနှင့်ဖြစ်စေ၊ ဦးရာလူစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ အစုရှယ်ယာများကို အောက်ဖော်ပြပါလိပ်စာ များတွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ ၎င်းတို့မှာ–

(၁) FIRST MYANMAR INVESTMENT CO., LTD. (F.M.I.) အမှတ် (၆၂)၊ အင်းယားလမ်း၊ ရန်ကုန်မြို့။ ဖုံး–၃၃၅၆၂၊ ၃၁၇၉၃

(၂) ရာပြည့်ကုမ္ပဏီလီမိတက်။ အမှတ် (၃၂၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။ ဖုံး–၈၁၁၄၉

(၃) ရွှေကမ္ဘာကုမ္ပဏီလီမိတက်။ အမှတ် ၆၈ (ပ)ထပ်၊ ၃၀လမ်း၊ ရန်ကုန်မြို့။ ဖုံး–၇၄၈၀၂

(၄) ပုဂံဗွီဒီယို။ အမှတ် ၁၇၂၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။ ဖုံး–၇၈၈၈၂



(၅) ရွှေငါးရွှေဆိုင်။ အမှတ်(၁၄၄)၊
ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။ ဖုံး-၇၂၆၄၇

(၆) အမှတ်(၂၁၃)၊ ၂၈လမ်း၊
၈၃နှင့်၈၄လမ်းကြား၊ မန္တလေးမြို့။
ဖုံး-၀၂-၂၄၃၇၃

(၇) အမှတ်(၅၅)၊ ဗိုလ်ချုပ်လမ်း၊ ဟင်္သာတမြို့။
ဖုံး ၀၄၄-၂၁၁၃၂

(၈) အမှတ် (၇၆၇)၊ ဗိုလ်ချုပ်လမ်း၊ ပြည်မြို့။
ဖုံး-၀၅၃-၂၁၈၆၃

(၉) ဂျိုးသိန်းဆေးပေါ့လိပ်လုပ်ငန်း၊
အမှတ်(၁၀၁)၊ မင်းလမ်း၊ ပဲခူးမြို့။
ဖုံး ၀၅၂-၂၁၁၄၅

(၁၀) ပုလဲသီတာ သားဖွားခန်း၊
အလယ်ကျွန်းရပ်၊ မြိတ်မြို့။

## ၇။ အစုရှယ်ယာများလွှဲပြောင်းခြင်း

အစုရှယ်ယာ လွှဲပြောင်းရာတွင် မိမိ ကြိုက်နှစ်သက်သောတန်ဖိုးဖြင့် အခြားပုဂ္ဂိုလ်သို့ဖြစ်စေ၊ အဖွဲ့အစည်းသို့ဖြစ်စေ၊ အစုရှယ်ယာရှင်ကလွှဲပြောင်းပေးနိုင်ပါသည်။ ဒါရိုက်တာအဖွဲ့၏ ကြိုတင် သဘောတူညီ ခွင့်ပြုချက်ရပြီး လွှဲပြောင်းရာ၌ မှတ်ပုံတင်ရန်လည်း လိုအပ်ပါသည်။

## ၈။ အစုရှယ်ယာများပိုင်ဆိုင်မှုအခွင့်အရေးများ

အစုရှယ်ယာ သုံးဆယ်၊ မူရင်းတန်ဖိုး သုံးသိန်း ဝယ်ယူပိုင်ဆိုင်ထားသည့် အစုရှယ်ယာရှင်တစ်ဦးသည် ဒါရိုက်တာအဖြစ် ဝင်ရောက်အရွေးခံနိုင်ပါသည်။ မည်သည့်အစုရှင်မဆို ဒါရိုက်တာလူကြီးများအား ကူညီဆောင်ရွက်ပေးခြင်း အထွေထွေအစည်းအဝေးကြီးများတွင် အရှုံးအမြတ် ရှင်းတမ်းစီစစ်ခြင်းနှင့် အထွေထွေကိစ္စရပ်များတွင် ပါဝင်ဆွေးနွေး တင်ပြခွင့်၊ မဲပေးခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်တို့ရှိပါသည်။

## ၉။ အမြတ်ဝေစုများ

နှစ်စဉ်ကျင်းပသော အစုရှယ်ယာရှင်များ၏ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးတွင် ကုမ္ပဏီ၏ အမြတ်ဝေစုများကို ဖော်ပြကြေငြာမည်ဖြစ်၍ အမြတ်ဝေစုကိုလည်း ဒါရိုက်တာအဖွဲ့ကအတည်ပြုပြီး ခွဲဝေထုတ်ပေးသွားမည် ဖြစ်ပါသည်။

## ၁၀။ အစုဝင်များ၏အခွင့်အရေး

(က) နှစ်ပတ်လည်အစည်းအဝေးတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ သင်းဖွဲ့စည်းမျဉ်းသတ်မှတ်ချက်နှင့်အညီ ကိုယ်စားလှယ်လွှဲအပ်၍သော်လည်းကောင်း၊ တက်ရောက်မဲပေးခွင့် ရှိသည်။

(ခ) နှစ်ပတ်လည် အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့မှတင်ပြသော လုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ဝေဖန်ဆွေးနွေး အကြံပေးခွင့်ရှိသည်။

(ဂ) ဒါရိုက်တာအဖွဲ့မှကြေငြာပေးသော အမြတ်ဝေစုကို စည်းကမ်းသတ်မှတ်ချက်အရ နိုင်ငံသားသို့မဟုတ် မြန်မာအဖွဲ့အစည်းသို့ လွှဲပြောင်းရောင်းချခွင့်ရှိသည်။

(ဃ) မိမိပိုင်အစုရှယ်ယာများကို စည်းကမ်း သတ်မှတ်ချက်အရ၊ နိုင်ငံသား သို့မဟုတ် မြန်မာအဖွဲ့အစည်းသို့ လွှဲပြောင်းရောင်းချခွင့်ရှိသည်။

## ၁၁။ အကြံပေးအဖွဲ့နှင့်ဒါရိုက်တာအဖွဲ့

ကုမ္ပဏီကြီး တိုးတက်ကြီးပွားရန် အဓိက လိုအပ်ချက်ဖြစ်၍ မြန်မာနိုင်ငံတွင် အောင်မြင်နေသော ကုမ္ပဏီ များမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သော ပညာရှင်များ စုပေါင်း၍ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ အဖြစ်လည်းကောင်း၊ အများကြည်ညိုလေးစားယုံကြည်သူများမှ အကြံပေးအဖွဲ့ ထားရှိ၍လည်းကောင်း၊ ဖွဲ့စည်းထားပါသည်။

အကြံပေးအဖွဲ့မှာ

(၁) ဦးဝင်းမောင် (အငြိမ်းစားဗိုလ်မှူးကြီး)

(၂) ဦးလှထွန်း (မှတ်ပုံတင်စာရင်းစစ်)

(၃) ဦးညွန့်ရွှေ (ဌာနေကိုယ်စားလှယ်)

(၄) ဦးသိန်းအောင် (ပြည်ထောင်စုဘဏ် ညွှန်ကြားရေးမှူး[အငြိမ်းစား])

(၅) ဦးဝင်းသင် (မှတ်ပုံတင်စာရင်းစစ်)

ဒါရိုက်တာအဖွဲ့မှာ တည်ထောင်သူများအားလုံးဖြစ်ပါသည်။ ၎င်းတို့မှာ–

| အမည်၊ လိပ်စာနှင့် အကြောင်းအရာများ | ထည့်ဝင်မည့်ရှယ်ယာအရေအတွက် |
|---|---|
| (၁) ဦးလှကြည် (ရွှေကမ္ဘာလုပ်ငန်းစုလီမိတက်ကိုယ်စားပြုဒါရိုက်တာ)<br>၂၄(က)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၂) ဦးမြတ်သင်းအောင် (အောင်အောင် အင်တာပရိုက်လီမိတက်ကိုယ်စားပြုဒါရိုက်တာ)<br>၁၀၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၃) ဦးအောင်ခင် (ပင်တာဂွန် အင်တာပရိုက်စ်(စစ်)လီမိတက်ကိုယ်စားပြုဒါရိုက်တာ)<br>၂/က၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၄) ဦးသန်းအောင် (ရာပြည့်ကုမ္ပဏီလီမိတက်ကိုယ်စားပြုဒါရိုက်တာ)<br>၈၉၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၅) ဦးအောင်ဆွေ (ဝင်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ကိုယ်စားပြုဒါရိုက်တာ)<br>၁၁၉(က)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၆) ဦးစိုးဝင်း (ပုဂံထရေးဒင်းကုမ္ပဏီလီမိတက် ကိုယ်စားပြုဒါရိုက်တာ)<br>၁၇၂၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၇) ဦးကျော်ပိုင် (ကုန်သည်)<br>၁၁၁၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၈) ဦးခင်မောင်ဝင်း (ကုန်သည်)<br>၁၅၈–၁၆၈၊ အခန်း ၂၃၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၉) ဦးသန်းထွန်း (ကုန်သည်)<br>၂၃၊ စံပြ ၁လမ်း၊ ၅ ဘလောက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |
| (၁၀) ဦးစိုးမြင့် (ကုန်သည်)<br>၆၁၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၃၀ |

တို့ဖြစ်ပါသည်။

## ၁၂။ စီမံခန့်ခွဲမှုကိုယ်စားလှယ်

စီမံခန့်ခွဲမှုကိုယ်စားလှယ်မှာ SPA International ၏ဥက္ကဋ္ဌဖြစ်သူ Mr. Serge Pun ဖြစ်ပြီး မြန်မာပြည်ရုံးခွဲမှာ ၆၂၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ နှင့် ရုံးချုပ်မှာ 21st Floor, SPA Center, 53-55 Lockhart Road, Hong Kong, tel: 520-2830, Fax: 529-0199 တို့ ဖြစ်ပါသည်။

## ၁၃။ စာရင်းစစ်များ

ဦးဝင်းသင်နှင့်အဖွဲ့၊ မှတ်ပုံတင်စာရင်းကိုင်၊ ၁၆၁(ပထမထပ်)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

## ၁၄။ ကုမ္ပဏီ၏စီမံအုပ်ချုပ်မှုနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု၏ အဓိကလိုအပ်ချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး F.M.I.မှ နောက်ထပ်ဖက်စပ်ကုမ္ပဏီဖွဲ့ကာ ရင်းနှီးမြှုပ်နှံမှုကြီးမားလာသည်နှင့်အမျှ လုပ်ငန်းအောင်မြင်မှုပိုမိုရရှိမည်ဖြစ်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပေါင်းစပ်ပြီး အောင်မြင်သောကုမ္ပဏီအဖြစ်ရပ်တည်နိုင်ရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအားကိုးနေရပြီး တိုင်ဝမ်၊ ဟောင်ကောင်၊ မလေးရှား၊ ကနေဒါ၊ အမေရိကန် တို့တွင် အောင်မြင်နေသော Serge Pun & Associates Group of Companies ၏ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးကျွမ်းကျင်သူ Mr. Serge Pun အား ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ ပထမအကြိမ် အမှုဆောင်အစည်းအဝေးမှ ကုမ္ပဏီ၏ စီမံခန့်ခွဲမှုကိုယ်စားလှယ် Managing Agent အဖြစ်ခန့်အပ်ခဲ့ပါသည်။ စီမံခန့်ခွဲမှုကိုယ်စားလှယ်၏အခကြေးငွေကို

(က) စာရင်းစစ်အဖွဲ့မှတင်ပြသည့်အခွန်ပေးဆောင်ပြီးကုမ္ပဏီ၏ အသားတင်အမြတ်၏ ၁၀ % နှင့်ညီမျှသောအခကြေးငွေနှင့်

(ခ) ကုမ္ပဏီ၏ ပထမအကြိမ်ပေးသွင်းပြီး မတည်ရင်းနှီးငွေ၏ ၁ % ကို နှစ်စဉ် ပုံသေအခကြေးငွေအဖြစ်ပေးအပ်မည်ဖြစ်ပါသည်။ ယင်း ၁ % တွင် Managing Director အဆင့်အထိ ကုန်ကျစရိတ်ပါဝင်ပြီး ကျန်ဝန်ထမ်းကုန်ကျစရိတ်များကို ကုမ္ပဏီမှကျခံရမည်ဖြစ်ပါသည်။

Mr. Serge Pun အား ကုမ္ပဏီ၏ Managing Agent အဖြစ်လွှဲအပ်ခြင်းဖြင့် အဆင့်မြင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်း စီမံအုပ်ချုပ်မှုနှင့် အောင်မြင်သောကုမ္ပဏီအဖြစ်ရောက်ရစေမည်ဖြစ်သည်။



## ၁၅။ ရင်းနှီးမြှုပ်နှံမှုစတင်မည့်လုပ်ငန်းများ

### ၁။ ငွေကြေးဆိုင်ရာအဖွဲ့အစည်း

ဘဏ်လုပ်ငန်း ကုမ္ပဏီတစ်ခု ဖြစ်မြောက်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှုများ ပြုလုပ်ပြီးဖြစ်ပါသည်။ အကယ်၍ အခြေအနေပေးပါက ဤအများပိုင်ကုမ္ပဏီ၏ မတည်ငွေရင်းမှ အများနှင့် မသက်ဆိုင်သော ဘဏ်အဖွဲ့အစည်းတစ်ခု ဖြစ်မြောက်ရေးအတွက် အစပျိုး မတည်ငွေရင်းအဖြစ် အသုံးပြုမည်ဖြစ်သည်။

## ၂။ ဝန်ဆောင်မှုလုပ်ငန်းသုံးအခန်းများနှင့် ရုံးအဆောက်အအုံများဆောက်လုပ်ခြင်း

မြန်မာ့မီးရထားပိုင်မြေဖြစ်သော အကျယ်အဝန်း ပေ၉၀ပတ်လည်ရှိ ဗိုလ်ချုပ်ဈေးနှင့် RS Computer အကြား၊ အကွက်အကွင်းကျသောမြေနေရာနှင့် အင်းယားလမ်းတွင် မြေဧရိယာ ၀.၄၉၅ဧကရှိမြေကွက်အားပိုင်ရှင်များနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ အကယ်၍ ညှိနှိုင်းမှုများပြီးစီးအောင်မြင်ပါက ကုမ္ပဏီသည် ဝန်ဆောင်မှုနှင့် ပရိဘောဂအပြည့်အစုံဆင်ယင်ထားရှိပြီး အထပ်နိမ့်ပေါင်းစပ်အခန်းများနှင့် နိုင်ငံခြားသားများအားငှားရမ်းနိုင်သည့် အဆောက်အအုံတစ်ခုဖွံ့ဖြိုးရေးအတွက် စီမံကိန်းချမှတ်ထားပါသည်။

## ၃။ စက်ရုံတည်ဆောက်မှုလုပ်ငန်းများ

မြန်မာပြည်သည်ပြည်တွင်းသယံဇာတပေါများသောနိုင်ငံဖြစ်ပါသည်။ ပြည်တွင်းမှထွက်သောသစ်များကို သစ်လုံးအတိုင်းပြည်ပသို့တင်ပို့ခြင်းထက်၊ ပရိဘောဂပြုလုပ်၍ ပြည်ပသို့တင်ပို့ပါက ပို၍အကျိုးအမြတ်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာတွင်နာမည်ကျော်ကြားသော Furniture Designကုမ္ပဏီဖြစ်သည့်၊ Denmarkနိုင်ငံမှ M. Krugerကုမ္ပဏီအနေဖြင့် အသေးစိတ် ရင်းနှီးမြှုပ်နှံနိုင်သည့်သုံးသပ်လေ့လာမှုများ ပြုလုပ်လျက်ရှိပါသည်။ ထိုလေ့လာမှုများပြီးစီးပြီး၊ သင့်မြတ်ပါက ပရိဘောဂစက်ရုံတည်ထောင်ကာ၊ အဆင့်မြင့် ပရိဘောဂများထုတ်လုပ်ပြီး၊ ၈၅%ကို ယင်းကုမ္ပဏီမှဝယ်ယူမည်ဖြစ်၍ နိုင်ငံခြားငွေနှင့်အကျိုးအမြတ်ရရှိနိုင်ပြီး၊ ကျန်၁၅%ကို မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးခြင်းဖြင့် မြန်မာငွေကြေးဖြင့်လည်းအကျိုးအမြတ်ရရှိနိုင်ပါသည်။

## ၁၆။ မတည်ရင်းနှီးငွေနှင့်ကုမ္ပဏီလုပ်ငန်းမစတင်မီအစုရှယ်ယာထည့်ဝင်ခြင်းနှင့်ပတ်သက်၍ အနည်းဆုံးပဏာမသတ်မှတ်ချက်

လုပ်ငန်းအစပျိုးမှုအတွက် လိုအပ်သောမတည်ရင်းနှီးငွေမှာ အောက်ပါအတိုင်းဖြစ်သည်။

| | ကျပ် |
|---|---|
| ရုံးခန်းဥပစာ ရုံးသုံးပရိဘောဂနှင့် အသုံးအဆောင် ကနဦးအသုံးစရိတ် ပွဲခကော်မရှင်၊ ကုမ္ပဏီကြော်ငြာရန်နှင့် လုပ်ငန်းလည်ပတ်ရန်လိုအပ်သော မတည်ငွေ | ၃,၀၀၀,၀၀၀.၀၀ |
| စုစုပေါင်း | ၃,၀၀၀,၀၀၀.၀၀ |

## ၁၇။ ခန့်မှန်းအသုံးစရိတ်

ကနဦးအသုံးစရိတ်ကို ၄,၀၀,၀၀၀.၀၀/- (ကျပ်လေးသိန်း)ခန့် ကုန်ကျမည်ဟု ခန့်မှန်းပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၊ သမဝါယမ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များအတွက်ပါ အကျိုးရှိစေနိုင်မည့် F.M.I. ကုမ္ပဏီတည်ထောင်ရာတွင် ပါဝင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပူးပေါင်းကူညီကြပါရန် လေးစားစွာမေတ္တာရပ်ခံ ဖိတ်ခေါ်အပ်ပါသည်။

နေ့စွဲ။ ၁၉၉၂ခုနှစ်၊ ဩဂုတ်လ၊ [illegible]၆ရက်။ ပုံ။ ဒါရိုက်တာများအဖွဲ့.

## Serge Pun & Associates Group of Companies Background

Mr. Serge Punသည် မြန်မာပြည်တွင်မွေးဖွားသူဖြစ်ပြီး၊ ဖခင်လုပ်ငန်း အခြေစိုက်ရာသို့ ထွက်ခွာရပြီး နိုင်ငံခြားတွင်ပညာသင်ကြားကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းတွင် အောင်မြင်ထင်ရှားခဲ့သောပုဂ္ဂိုလ် ဖြစ်ပါသည်။ ၎င်းသည် Serge Pun & Associates Group of Companies၏ ဥက္ကဋ္ဌဖြစ်ပြီး လုပ်ငန်းခွဲ၍လုပ်ကိုင်ရာဟောင်ကောင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တိုင်ဝမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးပညာရှင်အဖြစ် ကျော်ကြားပါသည်။ ၎င်း၏ လုပ်ငန်းခွဲ အလိုက်အောင်မြင်သော လုပ်ငန်းများကို ပူးတွဲပါဇယားတွင်ဖော်ပြထားပါသည်။

အဓိကအားဖြင့် မြန်မာပြည်တွင် မွေးဖွားသူဖြစ်၍ မြန်မာပြည်ကိုသံယောဇဉ်ကြီးစွာဖြင့် မြန်မာ နိုင်ငံ၏ စီးပွားရေး တိုးတက်ရာတိုးတက်ကြောင်းကို တစ်ဖက်တစ်လမ်းမှ ကူညီလိုစိတ်ဖြင့် လာရောက်ခြင်းဖြစ်ပါသည်။ မူလလုပ်ငန်းမှာ



Mr Serge Pun, Executive Chairman

ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ ဖြစ်ပြီး နိုင်ငံတကာမှ ငွေကြေးရှင်များ ယုံကြည်သူဖြစ်၍ မြန်မာနိုင်ငံတွင် ၎င်းလုပ်ကိုင်ပါက မူလရင်းနှီး မြှုပ်နှံသူများကို မြန်မာပြည်တွင် လာရောက်ရင်းနှီးမြှုပ်နှံရန် လမ်းညွှန်တာဝန်ခံကာ ခေါ်ဆောင်နိုင်သူဖြစ်၍ F.M.I. အတွက် လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း အကျိုးများစွာ ရရှိနိုင်ပါသည်။ Serge Pun & Associates (Myanmar) Co., Ltd.အနေဖြင့်လည်း နိုင်ငံတော်အစိုးရ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်နေသူဖြစ်ပါသည်။

ပုံမှန်အားဖြင့် ကုမ္ပဏီတည်ထောင်ရန် လွယ်ကူသော်လည်း၊ အောင်မြင်သောကုမ္ပဏီဖြစ်ရန် သီးခြား မြန်မာကုမ္ပဏီအဖြစ်ရပ်တည်ရာမှ နိုင်ငံတကာအဆင့်မီဖက်စပ်လုပ်ငန်းတိုးချဲ့နိုင်ရန် အခြေခံ လိုအပ်သည်မှာ နိုင်ငံခြားကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံရန်၊ အင်အားတောင့်တင်းယုံကြည်မှုရှိစေရန် လိုအပ်ပါသည်။ ယခုအချိန်တွင် နိုင်ငံတကာငွေကြေးရင်းနှီးမြှုပ်နှံသူများ အားကိုးနေရမည့် Mr. Serge Punမှာ F.M.I. ၏ Managing Agentအဖြစ်ဆောင်ရွက်နေသဖြင့် ရင်းနှီးမြှုပ်နှံရန် အထူးဖိတ်ခေါ်ရန်မလိုဘဲ စီးပွားရေးလုပ်ငန်းများ အလွယ်တကူ စတင်နိုင်ခြင်းဖြင့် F.M.I.အား အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

Serge Pun & Associates (Hong Kong) သည် လွန်ခဲ့သော(၈)နှစ်ခန့်ကတည်းက မြေနှင့် အဆောက်အအုံလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အကျိုးတူ လုပ်ငန်းစုများ၊ ဖက်စပ်လုပ်ငန်းများကို အောင်မြင်စွာ ဖွဲ့စည်းခဲ့ပြီး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကြွယ်ဝသူ များဖြစ်သည့် Royal Trust of Canada, Arab Asia Bank (Pacific) Ltd., CEF Capital, The Strand Development, Corporation of Vancouver & CITIC စသည့် ထင်ရှားသောကုမ္ပဏီများ၊ ပုဂ္ဂိုလ်များနှင့် စီးပွားဆက်သွယ် ကူညီဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းများ၏ စုစုပေါင်း တန်ဖိုး မှာ အမေရိကန်ဒေါ်လာ တစ်ရာခြောက်ဆယ့်လေးသန်း ဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုသည် အကျိုးတူလုပ်ငန်းများတွင် အမေရိကန် ဒေါ်လာရှစ်ဆယ့်ခြောက်ဒသမငါးသန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများမှ ပြန်ရမှုသည် သင်းဖွဲ့စည်းမျဉ်းရှိ Serge Pun & Associates (Hong Kong)၏ တရားဝင် လက်ကမ်းကြော်ငြာတွင်တွေ့နိုင်ပါသည်။

Mr. Serge Pun အနေဖြင့် Serge Pun & Associates (Hong Kong) တွင်လည်းကောင်း၊ Thailandတွင်လည်းကောင်း၊ Malaysiaတွင်လည်းကောင်း စသည်ဖြင့် အောင်မြင်စွာထူထောင်ခဲ့ပါသည်။ Serge Pun & Associates (Myanmar) Ltd.,ကိုလည်းတည်ထောင်ကာ မြန်မာနိုင်ငံတော်အစိုးရနှင့် ဟိုတယ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ ခေတ်မီအဆောက်အဦးများ တည်ဆောက်ရန်လုပ်ငန်း များ၊ စက်မှုလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်နိုင်ရန် စီစဉ်ညှိနှိုင်းလျက်ရှိပါသည်။ ထိုကဲ့သို့ နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများတွင် အများပြည်သူ ပိုင်ဆိုင်သည့်ကဏ္ဍများပါဝင်နိုင်ရန်ရည်ရွယ်ပြီး၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ ဖွင့်လှစ်ခြင်းဖြင့် အများပြည်သူများ မှန်ကန်စွာ ရင်းနှီးမြှုပ်နှံမှု ပြုနိုင်ပြီး မိမိအတွက်ရော၊ နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် လုပ်ငန်းဆောင်ရွက်နိုင်မည်ဟူသောယူဆချက်ဖြင့် ယခု F.M.I.ပါဝင်ရန် Mr. Serge Punမှ မြန်မာနိုင်ငံတွင် အဓိက အောင်မြင်ရန်အတွက် စုပေါင်းကူညီခြင်းဖြစ်ပါသည်။

# Real Estate Investment Projects Syndicated and Managed by Serge Pun & Associates Ltd., since 1985


| Property Description | Cost of Acquisition (USD'000) | Invested Equity (USD'000) | Current Valuation (USD'000) | Development value (USD'000) | Sales Proceeds (USD'000) | Holding Period | Net Return on Equity to Investors (Annualised) |
|---|---|---|---|---|---|---|---|
| Jam fair Commercial Building 21-storey office building in Hong Kong | 1,987.2 | 320.5 | - | - | 2,243.6 | 3 months | 208.88% |
| Vista Mount Davis, Hong Kong block of 20 residential flats | 4,352.6 | 515.4 | - | - | 4,854.5 | 6 months | 145.06% |
| SPA Centre, Hong Kong commercial office building | 2,243.6 | 641.0 | - | - | 2,680.2 | 9 months | 29.83% |
| Bisney Cove, Hong Kong block of 7 residential flats | 1,570.5 | 641.0 | - | - | 2,165.2 | 23 months | 20.78% |
| Units in Lockhart House Causeway Bay, Hong Kong total of 20 residential flats | 1,038.5 | - | - | - | | Purchased for investment income | |
| Forrestdale, The Peak, Hong Kong block of 7 residential flats | 2,371.8 | 705.1 | - | - | 2628.2 | 8 months | 45.92% |
| Stewart Terrace, The Peak, Hong Kong block of 20 residential flats | 6,218.0 | 3,333.3 | - | - | 13,114.1 | 23 months | 37.74% |
| Ascot Mansion, Hong Kong 38 residential apartments | 3076.9 | 833.3 | - | - | 4,256.4 | 15 months | 45.43% |
| Units in Lockhart House Causeway Bay, Hong Kong total of 18 residential units | 1,102.6 | 1,102.6 | - | - | 1,398.5 | 13 months | 18.61% |
| Hayden Court & Hainan Court South Bay, Hong Kong | 12,724.4 | 3846.2 | - | - | 15,384.6 | 7 months | 63.7% |
| Village Gardens, Kowloon 4 blocks of 58 residential flats with 509 carparks | 26,410.3 | 9,294.9 | - | - | 33,068.7 | 17 months | 26.52% |
| Nassim Lodge, Singapore | 1,146.9 | 971.5 | - | - | 1,675.4 | 30 months | 11.31% |
| Land of Sukhumvit Soi 8, Bangkok | 1,030.8 | 1,030.8 | - | - | 1,744.6 | 12 months | 69.24% |

| Property Description | Cost of Acquisition (USD'000) | Invested Equity (USD'000) | Current Valuation (USD'000) | Development value (USD'000) | Sales Proceeds (USD'000) | Holding Period | Net Return on Equity to Investors (Annualised) |
|---|---|---|---|---|---|---|---|
| Land of Soi Langsuan, Bangkok | 4,352.6 | 515.4 | - | - | 4,854.5 | 6 months | 145.06% |
| Land at Sukhumvit Soi 61, Bangkok | 662.5 | 662.5 | - | - | 1,219.4 | 15 months | 67.24% |
| Land at Sukhumvit Soi 1, Bangkok | 925.0 | 925.0 | - | - | 1230.0 | 12 months | 32.97% |
| Land at Sukhumvit Soi 18, Bangkok | 1,615.4 | 646.2 | - | - | 2,000.0 | 4 months | 178.55% |
| Townhouses at Rachada Pisek, Bangkok | 290.6 | 290.6 | - | - | 369.2 | 18 months | 18.03% |
| Land at Sukhumvit Soi 55, Bangkok | 917.5 | 917.5 | 1,846.2 | - | - | 14 months | 86.8% |
| Land at Sukhumvit Soi 81, Bangkok | 393.1 | 393.1 | 505.4 | - | - | 4 months | 85.7% |
| Land at Pranburi, Hua Hin | 1,001.4 | 1,001.4 | 1,041.5 | - | - | 4 months | 12.0% |
| Five star hotel project in Chiang Mai | 3,088.5 | 3,088.5 | 5,769.3 | 28,000.0 | - | 9 months | 115.7% |
| Office block at Sukhumvit Soi 23, Bangkok | 960.5 | 960.5 | 2,153.9 | 10,000.0 | - | 12 months | 124.8% |
| Sukhumvit Soi 8 Condominium | 1,744.6 | 1,744.6 | 2,615.4 | 14,230.7 | - | 4 months | 149.7% |
| Langsuan Apartments | 1,084.3 | 1,084.3 | 1,165.0 | 2,365.4 | - | 4 months | 22.3% |
| Rama IV Commercial / Office Complex Bangkok | 27,692.3 | 27,692.3 | - | 102,320.0 | - | Development in progress | |
| Ladprao Development, Bangkok | 10,239.2 | 10,239.2 | - | 46,810.0 | - | Development at planning stage | |

# FIRST MYANMAR INVESTMENT

Co.,Ltd.









F M I

FMI

FIRST MYANMAR INVESTMENT
Co.,Ltd.